MTSH Myanmar Thilawa SEZ Holdings Public Limited
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

**အစုရှယ်ယာမှတ်ပုံတင်စာရင်း (Members of Register) အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်းနှင့်**
**ရန်ကုန်စတော့အိတ်ချိန်း၌ကုမ္ပဏီ၏ အစုရှယ်ယာရောင်းဝယ်မှုများ**
**ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်းအသိပေး ကြေညာခြင်း**

ရက်စွဲ။ ။၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက်၏ ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့ ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ (၃၁) နှင့် (၅၀)၊ ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၃၂) တို့နှင့်အညီ ကုမ္ပဏီ၏ လက်ရှိသာမန် အစုရှယ်ယာတစ်စုအား ဆယ်စုအဖြစ်သို့ ရှယ်ယာခွဲခြမ်းခြင်း ပြုလုပ်ရန်အတွက် သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးကျင်းပပြီး အဆိုပြုရန် ဆုံးဖြတ်ကြောင်း စက်တင်ဘာလ (၃၀) ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ ရှယ်ယာခွဲခြမ်းရန် အဆိုပြုချက်အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ကုမ္ပဏီ၏တတိယအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် တစ်ဆက်တည်း ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များမှ အထူးဆုံးဖြတ်ချက်ဖြင့် သဘောတူညီခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ရှယ်ယာခွဲခြမ်းခြင်း ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ (၃၇) ကိုကျင့်သုံးလျက် ကုမ္ပဏီမှ ထိန်းသိမ်းထားသော အစုရှယ်ယာမှတ်ပုံတင်စာရင်း (Members of Register) ၏အထူးစာရင်းရှိ အစုရှယ်ယာလွှဲပြောင်းခြင်းအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်မှ နိုဝင်ဘာလ (၃) ရက်နေ့အထိ ခေတ္တပိတ်ထားမည် ဖြစ်ပါသည်။ တချိန်တည်းမှာပင် ကုမ္ပဏီ၏ အစုရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်းတွင် အရောင်းအဝယ်ပြုခြင်း၊ အရောင်း၊ အဝယ်မဟုတ်သော လွှဲပြောင်းခြင်း (Non-Exchange Transaction Transfer) များကိုလည်း ရပ်ဆိုင်းထားပါမည်။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့မှစ၍ ရန်ကုန်စတော့အိတ်ချိန်းတွင် ကုမ္ပဏီ၏အစုရှယ်ယာ ရောင်းဝယ်မှုများကို ရှယ်ယာခွဲခြမ်းပြီးသော အခြေအနေဖြင့် ပြန်လည်စတင်ပါမည်။

အစုရှယ်ယာခွဲခြမ်းပြီးနောက် ကုမ္ပဏီ၏ထုတ်ဝေပြီးသော အစုရှယ်ယာစုစုပေါင်းမှာ (၃,၈၉၂,၉၁၅) စုမှ (၃၈,၉၂၉,၁၅၀) စုသို့လည်းကောင်း၊ အစုရှယ်ယာတစ်စုချင်းစီ၏ မူရင်းသတ်မှတ်တန်ဖိုးမှာလည်း ကျပ် ၁၀,၀၀၀ (ကျပ်တစ်သောင်း) မှ ကျပ် ၁,၀၀၀ (ကျပ်တစ်ထောင်) သို့လည်းကောင်းပြောင်းလဲသွားပါမည်။ အောက်တိုဘာလ (၂၈) ရက်နေ့အထိ အစုရှယ်ယာဝယ်ယူသူ (သို့မဟုတ်) ပိုင်ဆိုင်သူ အစုရှယ်ယာရှင်များသည် အစုရှယ်ယာတစ်စုချင်းစီအတွက် နိုဝင်ဘာလ (၄) ရက်နေ့မှစ၍ ခွဲခြမ်းပြီး အစုရှယ်ယာဆယ်စုပိုင်ဆိုင်မည်ဖြစ်ပါသည်။

ရန်ကုန်စတော့အတ်ချိန်းမှ အစုရှယ်ယာရောင်းဝယ်မှုအား ခေတ္တရပ်ဆိုင်းခြင်းနှင့် ဆက်စပ်သည့် လုပ်ငန်းစဉ်များအား ဆက်လက် အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

အေးဝင်း
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်ဒါရိုက်တာ